The Karen Affairs Provisional Council (Chairman's Salary) (Amendment) Act 1951.
(Act No. LIV of 1951)

# ၁၉၅၁ ခုနှစ်၊ ကရင်ရေးရာ ယာယီကောင်စီ (သဘာပတိ လစာငွေ) (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၄။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ကရင်ရေးရာ ယာယီကောင်စီ (သဘာပတိလစာငွေ) (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင် "အဆိုပါအက်ဥပဒေ" ဟုရည်ညွှန်းသည့်၊ ၁၉၄၉ ခုနှစ်၊ ကရင်ရေးရာယာယီကောင်စီ (သဘာပတိလစာငွေ) အက်ဥပဒေ (၁၉၄၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၊) ပုဒ်မ ၂ တွင် "၇၅၀" ဆိုသည့်ဂဏန်းအစား "၁.၂၅၀" ဆိုသည့်ဂဏန်းကိုထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၃ နောက်တွင် အောက်ပါပြဋ္ဌာန်းချက်ကို ပုဒ်မ ၄ အဖြစ်ထည့်သွင်းရမည်။

> "၄။ ။သဘာပတိရာထူး၌ ထမ်းရွက်နေသည်ဖြစ်သောကြောင့် ထိုသို့ထမ်းရွက်နေသောသူတွင်၊ ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်၏၊ သို့တည်းမဟုတ် တိုင်းပြည်ပြုလွှတ်တော်၏အမတ်အဖြစ်ဖြင့်အရွေးခံရန်သော်၎င်း၊ ထိုကဲ့သို့အမတ်အဖြစ်ဖြင့်တည်နေရန်သော်၎င်း၊ အရည်အချင်းပျက်ယွင်းခြင်းမရှိစေရ။"

G.U.B.C.P.O.—No. 60, M. of J.A., 11-12-51—2,000—II.
Price,—One anna.]